Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၁၇)

## "မင်းပြောင်းမင်းလွှဲဖြစ်မဲ့အချိန်ကို စိုးရိမ်စွာနဲ့ စောင့်ဆိုင်းနေရသူများ"

ကျမ္မာရေးအခြေအနေ မကောင်းဘူးဆိုပြီး ကောလဟလသတင်းတွေ ပေါ်ထွက်နေတဲ့ နအဖ စစ်ကောင်စီဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒီဇင်ဘာ(၁၁)ရက်နေ့ကစပြီး ရှမ်းပြည်တောင်ပိုင်းနဲ့ မြန်မာပြည်အလယ်ပိုင်းဒေသတွေကို ခရီးထွက်ရင်း ဒီဇင်ဘာ(၁၄)ရက်နေ့က ပြင်ဦးလွင်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၅၀) **(DSA-50)** သင်တန်းဆင်းပွဲနဲ့ ဒီဇင်ဘာ(၁၉)ရက်နေ့တွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၀) **(DSTA-10)** သင်တန်းဆင်းပွဲအခမ်းအနားတွေကို တက်ရောက်ခဲ့တာ တွေ့ရပါတယ်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၅၀) သင်တန်းဆင်းပွဲမှာ စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျောင်းဆင်းဗိုလ်လောင်းတွေကို နိုင်ငံတော်ရဲ့အကျိုးစီးပွားမှန်သမျှ အသက်ပေး ကာကွယ်စောင့်ရှောက်ဖို့ အပြင် "ဘက်စုံကဏ္ဍစုံမှာ အခြေအနေကောင်းတွေရရှိနေပြီဖြစ်တဲ့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ညင်သာစွာ ပြောင်းလဲတည်ဆောက်ရာမှာ ကျရာတာဝန်တွေကို အားကြိုးမာန်တက် ထမ်းဆောင်ကြပါ" ဆိုပြီး ဩဝါဒပေးခဲ့ပါတယ်။ "ဒီမိုကရေစီကျင့်စဉ်ဆိုတာ မင်းမဲ့စရိုက်နဲ့ ပါးလွှာတဲ့ခြားနားမှုသာ ရှိတဲ့အတွက် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာအောင် ပြည်သူတစ်ရပ်လုံးက စည်းကမ်းကို အလေးထားလိုက်နာဖို့ လိုအပ်တယ်" ဆိုပြီးတော့လည်း မြန်မာပြည်သူလူထုကိုပါ သတိပေး ပြောဆိုသွားခဲ့တာ တွေ့ရပါတယ်။

ဒီဇင်ဘာ(၁၉)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၀) **(DSTA-10)** သင်တန်းဆင်းပွဲအခမ်းအနား ကိုလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေပဲ ဆက်လက်တက်ရောက်ခဲ့ပြီး "တပ်မတော်ဟာ နိုင်ငံနဲ့လူမျိုးအတွက် အသက်ကိုစွန့်လွှတ်ဖို့ အဓိဌာန်ပြုထားတာကြောင့် အရာရာအတွက် အသက်ကိုစွန့်လွှတ်ဖို့ ဝန်မလေးဘူး၊ စည်းလုံးညီညွတ်နေမယ်ဆိုရင် အချုပ်အခြာအာဏာ တည်မြဲရေးအတွက် စိတ်ချရမှာဖြစ်တယ်၊" ဆိုပြီးတော့ ဗိုလ်လောင်းတွေကို ဩဝါဒပေးခဲ့တဲ့အပြင် "မိမိကိုယ်ကို အားမကိုးပဲ သူတစ်ပါးရဲ့သစ္စာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ခံယူမယ်ဆိုရင် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ လက်လွှတ်ဆုံးရှုံးသွားမှာ ဖြစ်တယ်၊" ဆိုပြီးတော့လည်း စောင်းသလို ချိတ်သလိုနဲ့ ထည့်သွင်းပြောဆိုသွားခဲ့တာကို တွေ့ရပါတယ်။

ဒီမိန့်ခွန်းတွေရဲ့ အဓိကဆိုလိုရင်းကတော့ "ငါတို့အာဏာတည်မြဲရေးအတွက် မင်းတို့အားလုံး အသက်စွန့်ကြ" လို့ ပြောချင်တာ ဖြစ်ပါတယ်။ ဒီသင်တန်းတွေမှာ ဗိုလ်လောင်းတွေ ဘယ်လောက် တက်ရောက်ခဲ့ကြပြီး ဘယ်လောက် အောင်မြင်ခဲ့ကြတယ်ဆိုတာကို ထုံးစံအတိုင်း နအဖက အသေးစိတ်ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိပါဘူး။ ဒါပေမဲ့ နအဖရဲ့ ရုပ်မြင်သံကြားသတင်းတွေမှာတော့ သောင်းဂဏန်းနီးပါးရှိတဲ့ ဗိုလ်လောင်းစစ်ရေးပြတပ်ခွဲတွေက ချီတက်အလေးပြုပုံတွေကို ဖေါ်ပြခဲ့ပါတယ်။ နအဖ စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ရဲ့ ဇနီး၊ သမီး၊ မြေးမြစ်တွေဟာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ (၁၉)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ **(DSA)** အပတ်စဉ်(၄၆) ဗိုလ်လောင်းသင်တန်းဆင်းပွဲကစပြီး သောင်းဂဏန်းနီးပါး (၇,၄၇၄ ဦး) ပါရှိတဲ့ ဗိုလ်လောင်းစစ်ရေးပြတပ်ခွဲ (သင်တန်းဆင်းတပ်ခွဲနှင့် ဂျူနီယာဗိုလ်လောင်းတပ်ခွဲများအပါအဝင်) တွေရဲ့ ချီတက်အလေးပြုတာကို နှစ်စဉ် မိန့်မိန့်ကြီး ခံယူလာခဲ့ကြတာ တွေ့ရပါတယ်။

ဒီလို ဗိုလ်လောင်းစစ်ရေးပြအဖွဲ့မှာ အင်အားတွေ များပြားလာတာဟာ ခေတ်မှီပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်ကြီး တည်ဆောက်ဖို့ဆိုတဲ့ စစ်အာဏာရှင်ကြီးတွေရဲ့ စိတ်ကူးယဉ်အိမ်မက်ကို အကောင်အထည်ဖေါ်နိုင်ဖို့အတွက် ၁၉၉၉ ခုနှစ်ကစပြီး စစ်တက္ကသိုလ်ဗိုလ်လောင်းတွေကို အင်အား အဆမတန်တိုးချဲ့ပြီး ခေါ်ယူခဲ့လို့ ဖြစ်ပါတယ်။ ခါတိုင်း တစ်နှစ်ကို (၃၀၀)လောက်အထိသာ တက်ရောက်ခွင့်ပြုခဲ့တဲ့ ပြည်ဦးလွင်(မေမြို့) စစ်တက္ကသိုလ်ကို ၁၉၉၉ ခုနှစ် ကစပြီး တစ်နှစ်ကို အင်အား (၁,၀၀၀)အထိ ဆယ်ဆတိုးမြှင့် ခေါ်ယူခဲ့တာကြောင့် ဖြစ်ပါတယ်။ ခါတိုင်း (၄)နှစ်အထိ တက်ရောက်ကြရတဲ့ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းတွေကိုလည်း အဲဒီအသုတ်ကစပြီး (၃)နှစ်ကို လျှော့ချပစ်ခဲ့တာ တွေ့ရပါတယ်။

ဒီဗိုလ်လောင်းတွေထဲမှာ အများစုဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးလို့ အသက်စွန့်ဖို့ တပ်မတော်ထဲကို ဝင်လာကြတာမဟုတ်ပဲ စစ်ဗိုလ်လူတန်းစားဖြစ်မှ မြန်မာပြည်မှာ လူရာဝင်မယ်ဆိုတဲ့စိတ်ဓါတ်နဲ့ လာဘ်ထိုးပြီး ဝင်ရောက်လာတဲ့ အချောင်သမားတွေ ဖြစ်တဲ့အတွက် ဒီလူတွေဟာ ဘယ်လိုနည်းနဲ့မှ “အနာဂါတ်ရဲ့အောင်စစ်သည်”တွေ ဖြစ်မလာနိုင်ဘူးလို့ အလုပ်သင်ဗိုလ်အဆင့်ကနေ ပြန်တမ်းဝင်အရာရှိဖြစ်လာပြီး မကြာခင်ကမှ တပ်မတော်က ဖယ်ရှားချောင်ထိုးတာကို ခံခဲ့ရသူ ဗိုလ်မှူးတစ်ဦးက ထောက်ပြခဲ့ပါတယ်။ ခါတိုင်း (၄)နှစ်သင်ရတဲ့ စစ်သင်ခန်းစာတွေကို (၃)နှစ်နဲ့သင်ပြီး ဗိုလ်ဖြစ်လာသူတွေက ခါတိုင်း ၂၄ ပတ် (၆လ) သင်ရတဲ့ တပ်သားသစ် အခြေခံစစ်သင်တန်းတွေကို ၁၆ ပတ် (၄လ) နဲ့ သင်ကြားခဲ့ကြရတဲ့ စစ်သည်တွေကို ဘယ်လိုအုပ်ချုပ်ပြီး ဘယ်လိုစစ်တိုက်ကြမလဲဆိုတာကိုတော့ စောင့်ကြည့်ကြပေ့ါလို့ အဲဒီအရာရှိဟောင်းက စိတ်ပျက်တဲ့လေသံနဲ့ ရှင်းပြခဲ့ဘူးပါတယ်။

မြန်မာ့တပ်မတော်ရဲ့ ပြန်တမ်းဝင်အရာရှိတွေထဲမှာ မူလက **(DSA)** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိ၊ **(OTS)** တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းဆင်း အရာရှိ၊ **(OTC or Taza Cadet)** တပ်မတော်(ကြည်း) အလုပ်သင်ဗိုလ်သင်တန်းကျောင်းဆင်း အရာရှိ၊ **(Other rank Officer)** အခြားအဆင့် စစ်သည်များမှ စွမ်းရည်နှင့် လုပ်သက်အလိုက်ဖြစ်လာသော အရာရှိ၊ ဆိုပြီး အဆင့်အတန်း (၄)မျိုးသာ ရှိခဲ့ပေမဲ့ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကစပြီး ပညာသည်ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိ ဆိုပြီး နောက်တစ်မျိုး တိုးလာတာကို တွေ့ရပါတယ်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့တပ်မတော်အရာရှိတွေအတွက် အဆင့်မြင့်စစ်ပညာတွေကို သင်ကြားပေးနိုင်ဖို့အတွက် အရာရှိအဆင့် တိုက်ခိုက်ရေးသင်တန်းကျောင်းနဲ့ စစ်တက္ကသိုလ်ကို ၁၉၅၅ခုနှစ်မှာ ရှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့အနီး ဗထူးတပ်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အရာရှိအဆင့် တိုက်ခိုက်ရေးသင်တန်းကျောင်းကို တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း **(OTS)**အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီသင်တန်း စတင်ဖွင့်လှစ်ခါစက မြန်မာ့တပ်မတော်အတွင်းမှာ နည်းမျိုးစုံနဲ့ အရာရှိဖြစ်နေသူတွေကို မွမ်းမံအနေနဲ့ တက်ရောက်ခိုင်းဖို့ ရည်ရွယ်ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ အရပ်ဘက်တက္ကသိုလ်တစ်ခုခုက ဘွဲ့ရသူတွေကိုပါ စီစစ်ရွေးချယ်ပြီး တက်ရောက်စေခဲ့ပါတယ်။ **(OTS)** အပတ်စဉ် (၂၈)အထိ ဗထူးတပ်မြို့မှာ ဖွင့်လှစ်ခဲ့ပြီး ၁၉၆၄ခုနှစ် တော်လှန်ရေးကောင်စီ စစ်အစိုးရခေတ်မှာ ရန်ကုန်တိုင်း မှော်ဘီမြို့ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ အပတ်စဉ်(၂၉)ကနေ (၈၃)အထိ မှော်ဘီမှာ သင်တန်းဆင်းခဲ့ရပြီး ၁၉၉၁ ခုနှစ် နဝတ စစ်အစိုးရခေတ်မှာတော့ ဗထူးတပ်မြို့ကို ပြန်လည်ပြောင်းရွှေ့ခဲ့ပါတယ်။ အရာရှိသင်တန်းတွေကို နှစ်စဉ် ဖွင့်လှစ်သင်ကြားခဲ့ရာမှာ ဒီနှစ် ဧပြီလ (၁၆) ရက်နေ့မှာ အပတ်စဉ် (၁၁၀)အထိ သင်တန်းဆင်းပြီးသွားပြီ ဖြစ်ပါတယ်။

အခု နအဖ စစ်အာဏာသိမ်းခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုဗိုလ်ချုပ်ကြီးတွေဖြစ်ကြတဲ့ အောင်ထွေး၊ တင်အေး၊ ကျော်ဝင်း၊ မောင်ဘို၊ ခင်မောင်သန်းနဲ့ ရဲမြင့် တို့ဟာ **(OTS)** ကျောင်းဆင်း တပ်မတော်အရာရှိကြီးတွေဖြစ်ပါတယ်။ အစိုးရနဲ့ ကြံ့ဖွံ့အဖွဲ့ထဲမှာ သြဇာအရှိဆုံး ဝန်ကြီးတွေဖြစ်ကြတဲ့ ဦးအောင်သောင်း (ဗိုလ်မှူးကြီးဟောင်း)၊ ဗိုလ်ချုပ်စောထွန်း နဲ့ ဗိုလ်ချုပ်ဌေးဦး၊ အစရှိသူတွေဟာလည်း **(OTS)** ကျောင်းဆင်းတွေ ဖြစ်ကြပါတယ်။ မဆလ၊ နဝတ သက်တမ်းတစ်လျှောက်မှာ မြန်မာ့တပ်မတော်နဲ့ အစိုးရအဖွဲ့ရဲ့ ထိပ်တန်းရာထူးတွေကို **(OTS)** ကျောင်းဆင်း အရာရှိကြီးတွေကသာရယူထားနိုင်ခဲ့ပေမဲ့ အခုအချိန်မှာတော့ အရေးပါတဲ့ရာထူးတွေကို **(DSA)**ကျောင်းဆင်း အရာရှိတွေက တဖြေးဖြေးနဲ့ ထိန်းချုပ်ရယူလာနေတာကို ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

**(DSA)** စစ်တက္ကသိုလ်ကိုလည်း ၁၉၅၅ ခုနှစ်မှာ ဗထူးတပ်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ မေမြို့ (ပြင်ဦးလွင်)ကို ပြောင်းရွှေ့ခဲ့ပါတယ်။ လက်ရှိ နအဖ ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနဲ့ သိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးသောင်း (ဒုဗိုလ်မှူးကြီးဟောင်း)တို့ဟာ ၁၉၅၉ ဇွန်လ(၁)ရက်နေ့မှာ သင်တန်းဆင်းခဲ့ကြတဲ့ **(DSA)** အပတ်စဉ် (၁) ကျောင်းဆင်းတွေဖြစ်ကြပါတယ်။ နောင်တချိန် မြန်မာ့တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်ဟာ **(DSA)** စစ်တက္ကသိုလ် ကျောင်းဆင်းတွေထဲကဖြစ်ရမယ်လို့ **(DSA)** အပတ်စဉ်(၁) သင်တန်းဆင်းပွဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ထည့်သွင်းပြောဆိုသွားခဲ့တဲ့အတွက် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး ခေါင်းဆောင်တဲ့ **(DSA)** စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိတွေဟာ မြန်မာ့တပ်မတော်ရဲ့

ထိပ်တန်းရာထူးတွေနဲ့ အရေးပါတဲ့တာဝန်တွေကို သူတို့လက်ထဲရောက်ရှိလာအောင် နည်းမျိုးစုံနဲ့ ကြိုးစားနေကြတယ်လို့ **(OTS)** ကျောင်းဆင်း တပ်မတော်အရာရှိတစ်ဦးကလည်း သုံးသပ်ပြောဆိုခဲ့ဘူးပါတယ်။

အခု နအဖအဖွဲ့ထဲမှာ ဒုတိယဥက္ကဌလည်းဖြစ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အပါအဝင်၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဗိုလ်ချုပ်ကြီး သိန်းစိန် နဲ့ ဒုတိယဗိုလ်ချုပ်ကြီးတွေဖြစ်ကြတဲ့ မြတ်ဟိန်း(လေ)၊ စိုးသိန်း(ရေ)၊ သီဟသူရ တင်အောင်မြင့်ဦး၊ မြင့်ဆွေ၊ မြင့်လှိုင်၊ ရဲမြင့်(စရခ)နဲ့ မကြာခင် ဒုတိယ ဗိုလ်ချုပ်ကြီးတွေဖြစ်လာတော့မဲ့ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော် တို့ဟာ **(DSA)** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတွေ ဖြစ်ပါတယ်။ စစ်တိုင်းမှူးတွေ၊ တပ်မမှူးတွေ၊ စကခမှူးတွေနဲ့ စစ်ရုံးချုပ်ကအရေးပါတဲ့ ရာထူးနေရာတွေထဲမှာလည်း **(DSA)** ကျောင်းဆင်း တပ်မတော်အရာရှိတွေ တဖြေးဖြေး များလာနေတာကို တွေ့ရပါတယ်။ အလားတူ အစိုးရအဖွဲ့ ဝန်ကြီး၊ ဒုဝန်ကြီးနေရာတွေမှာလည်း **(DSA)** ကျောင်းဆင်း အရာရှိတွေ တဖြေးဖြေး များလာနေတာကို သတိထားမိပါတယ်။

တပ်မတော်(ကြည်း) (အလုပ်သင်ဗိုလ်) ဗိုလ်သင်တန်းကျောင်းကိုတော့ ၁၉၇၁ ခုနှစ်အတွင်း ဗထူးတပ်မြို့မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရတင်ဦး (ယခု **NLD** ဒုဥက္ကဌ) က စတင်ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ အခြေခံပညာ အထက်တန်း (၁၀တန်း)ကို (ခ)အဆင့်နဲ့ အောင်မြင်သူတွေနဲ့ စစ်တက္ကသိုလ်ကို မတက်နိုင်သူတွေအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ အလုပ်သင်ဗိုလ်လောင်းတွေဟာ ဒီသင်တန်းကျောင်းမှာ စစ်ပညာတွေကို  တစ်နှစ်ခွဲကြာ တက်ရောက်သင်ယူရပြီး ခြေလျှင်နဲ့ ခြေမြန် တိုက်ခိုက်ရေးတပ်ရင်းတွေမှာ အလုပ်သင်ဗိုလ်အဖြစ်နဲ့ (၉)လကြာ လက်တွေ့တာဝန် ထမ်းဆောင်ကြရပါတယ်။ အဲဒီနောက် တပ်စုမှူးသင်တန်းကို ထပ်မံတက်ရောက်ပြီး ဒုဗိုလ်အဖြစ်နဲ့ ခန့်အပ် တာဝန်ပေးခံရပါတယ်။ အလုပ်သင်ဗိုလ်တွေကို သူတို့ရဲ့ တပ်ခွဲအမည်ကိုစွဲပြီး တပ်မတော်ထဲမှာ တေဇ–ကဒက် တွေလို့ ခေါ်လေ့ရှိပါတယ်။ တေဇ အလုပ်သင်ဗိုလ်တွေဟာ ဒုဗိုလ်အဖြစ် ခန့်အပ်ခံရချိန်မှာ ပြန်တမ်းဝင်အရာရှိတွေ ဖြစ်လာကြပေမဲ့ ဘွဲ့ရအရာရှိလို့တော့ သတ်မှတ်ခြင်း မခံကြရဘူးလို့ ဆိုပါတယ်။

တေဇ အလုပ်သင်ဗိုလ်သင်တန်းဆင်း အရာရှိတွေဟာ စစ်ရေးအရ အတွေ့အကြုံ ပိုရှိသူတွေဖြစ်ကြပေမဲ့ မြန်မာ့တပ်မတော်ရဲ့ ထိပ်ပိုင်းရာထူးတွေကိုရရှိသူ အလွန်နည်းပါးတာကို တွေ့ရပါတယ်။ အလုပ်သင်ဗိုလ်တွေအနက် ဗိုလ်ချုပ် နေဝင်း (တေဇ–၁) (ကာကွယ်ရေးဦးစီးချုပ်၏စစ်ဘက်လက်ထောက်)၊ ဗိုလ်ချုပ် ခင်မောင်မြင့် (တေဇ–၂) (အမှတ်–၂ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၊ ဗိုလ်မှူးချုပ် ညွန့်လှိုင် (တေဇ–၂) (ယခင် စကခ ၁၇ မှူး) တို့သာလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အကပ်ကောင်းတဲ့အတွက် နေရာကောင်းတချို့ကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။ အခုအချိန်မှာတော့ မြန်မာ့တပ်မတော်အတွင်းမှာ ဗိုလ် အမျိုးအစားတွေများလွန်းတဲ့အတွက် တေဇ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းကို ၂၀၀၂ခုနှစ် မေလ(၁၁)ရက်နေ့မှာ သင်တန်းဆင်းခဲ့တဲ့ အပတ်စဉ် (၃၀)အထိသာ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းကျောင်းကိုပါ ဖျက်သိမ်းလိုက်ပြီလို့ သိရပါတယ်။ (ဗိုလ်ချုပ်ကြီး သူရတင်ဦး ဖွင့်လှစ်ပေးခဲ့တဲ့ကျောင်းမို့ တမင်ပိတ်ပစ်တာလို့လည်း အလုပ်သင်ဗိုလ်တွေကြားမှာ ပြောဆိုနေကြပါတယ်။)

တပ်မတော်အတွင်းမှာ ပြန်တမ်းဝင်အရာရှိအဆင့် (ဒုဗိုလ်နှင့်အထက်)၊ ပြန်တမ်းဝင်မဟုတ်သော အရာရှိအဆင့် (ဒုတပ်ကြပ်အဆင့်မှ အရာခံဗိုလ်အဆင့်အထိ)၊ နဲ့ သာမန်တပ်သားအဆင့် ဆိုပြီး ရှိတဲ့အနက် ပြန်တမ်းဝင်အရာရှိမဟုတ်သူ အခြားအဆင့် **(Other Ranks)** တွေကနေ ပြန်တမ်းဝင်အရာရှိဖြစ်လာရသူတွေဟာ မျက်နှာအငယ်ရဆုံး၊ အနိမ့်ခံဆုံး ဖြစ်နေတာကို တွေ့ရပါတယ်။ တပ်မတော်အတွင်းကို သာမန်တပ်သားအဆင့်နဲ့ဝင်ပြီး စစ်သက်(၅)နှစ်ပြည့်တဲ့အချိန်မှာ အသက်(၂၈)နှစ် မကျော်သေးပဲ တပ်ကြပ်ဖြစ်နေသူတွေနဲ့ စစ်သက် (၈)နှစ်ပြည့်ချိန်မှာ အသက်(၂၈)နှစ် မကျော်သေးပဲ တပ်ကြပ်ကြီးစာရေး ဖြစ်နေသူတွေကို ဗိုလ်လောင်းသင်တန်းဖြေခွင့်တွေ ပေးပါတယ်။ ဗိုလ်သင်တန်းကျောင်းဆင်းရင် ဒုဗိုလ်အဆင့်နဲ့ ပြန်တမ်းဝင်အရာရှိအဖြစ် တိုးမြှင့်ခန့်အပ်ပေးပါတယ်။ ဗိုလ်သင်တန်းဖြေခွင့် မရသူတွေနဲ့ ဖြေပေမဲ့ မအောင်မြင်သူ အခြားအဆင့်တွေကတော့ တပ်သား၊ ဒုတပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ဒုအရာခံဗိုလ်၊ အရာခံဗိုလ် စသည်ဖြင့် အဆင့်အလိုက် ရာထူးတက်သွားပြီး နောက်ဆုံး ဗိုလ်ကြီးအဆင့်လောက်နဲ့ သက်ပြည့်ပင်စင်ယူသွားကြရတာကို တွေ့ရပါတယ်။ ဒီအရာရှိ အမျိုးအစားကတော့ ထိပ်တန်းရာထူးတွေကို မရပေမဲ့ အသက်သေတဲ့အထိ၊ သက်ပြည့်ပင်စင်ယူတဲ့အထိ တပ်မတော်အတွင်းမှာ ပင်ပင်ပန်းပန်းနဲ့ တစ်လျှောက်လုံး စစ်တိုက်ရသူတွေ ဖြစ်ပါတယ်။

မြန်မာ့တပ်မတော်ကို ခေတ်မှီပြီး အင်အားတောင့်တင်းတဲ့တပ်မတော်အဖြစ် ပြောင်းလဲတည်ဆောက်ရာမှာ အရပ်သားပညာရှင်တွေကို မယုံကြည်တဲ့အတွက် စစ်တပ်ပိုင် ဆေးတက္ကသိုလ်တွေ၊ အင်ဂျင်နီယာတက္ကသိုလ်တွေ၊ နည်းပညာတက္ကသိုလ်တွေ၊ သူနာပြုနဲ့ ဆေးဘက်ပညာတက္ကသိုလ်တွေကို ၁၉၉၀ ခုနှစ်နောက်ပိုင်းကစပြီး ဖွင့်လှစ်ခဲ့တာကြောင့် အခုအခါမှာ အဲဒီ တက္ကသိုလ်တွေကလည်း နှစ်စဉ် ပညာရှင်စစ်ဗိုလ် အများအပြားကို မွေးထုတ်ပေးနေပြီ ဖြစ်ပါတယ်။ တပ်မတော် ဆေးတက္ကသိုလ်ကို ပြင်ဦးလွင် နဲ့ ရန်ကုန်မြို့တွေမှာ ၁၉၉၂ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၉ခုနှစ် ဒီဇင်ဘာလ

ကစလို့ နှစ်စဉ် သင်တန်းဆင်းပွဲတွေ ပြုလုပ်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀၀၆ ဒီဇင်ဘာ(၂၈)ရက်နေ့မှာ အမှတ်စဉ်(၈)အထိ သင်တန်းဆင်းခဲ့တာကို တွေ့ရပါတယ်။ ၂၀၀၀ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ တပ်မတော်သူနာပြုနဲ့ ဆေးဘက်ပညာတက္ကသိုလ်က လည်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာလကစပြီး နှစ်စဉ်သင်တန်းတွေဆင်းလာတာ ဒီနှစ် ဇန်နဝါရီလ (၂)ရက်နေ့မှာ အမှတ်စဉ် (၄) အထိ ဆင်းပြီးသွားပြီ ဖြစ်ပါတယ်။ တပ်မတော်နည်းပညာတက္ကသိုလ်ကတော့ ၁၉၉၉ ခုနှစ် ဧပြီလကစပြီး နှစ်စဉ် သင်တန်းတွေ ဆင်းလာတာ လွန်ခဲ့တဲ့ ၂၀၀၆ခုနှစ် ဒီဇင်ဘာလမှာ အပတ်စဉ် (၁၀)အထိ ဆင်းပြီးသွားပြီ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ တပ်မတော်အင်ဂျင်နီယာတက္ကသိုလ်ကိုလည်း ၁၉၉၉ ခုနှစ် ဧပြီလကစပြီး နှစ်စဉ်သင်တန်းတွေ ဆင်းလာခဲ့တာ ၂၀၀၃ ခုနှစ်မှာ အပတ်စဉ် (၅)အထိ ပြီးဆုံးသွားခဲ့တာ တွေ့ရပါတယ်။

ဒီသင်တန်းတွေမှာ ဒစ်ပလိုမာပေးတဲ့ တက္ကသိုလ်တချို့ကလွဲလို့ ဒီဂရီပေးတဲ့တက္ကသိုလ်တွေကဆင်းတဲ့ အရာရှိတွေကို ပြန်တမ်းဝင်အရာရှိတွေအဖြစ် တိုက်ရိုက်ခန့်အပ်တာကြောင့် တပ်မတော်ထဲမှာ ပညာရှင် စစ်ဗိုလ်အလွှာတစ်ခုလည်း ထပ်တိုးလာပြီလို့ လေ့လာသူတွေက သုံးသပ်ပြောဆိုနေကြပါတယ်။

၁၉၉၃ ခုနှစ် ဧပြီလမှာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာတဲ့ ဗိုလ်ချုပ် မောင်အေး ဟာ သူ စစ်ရုံးချုပ်ကိုရောက်ရှိလာတဲ့အချိန်ကစပြီး တပ်မတော်ရဲ့ ထိပ်ပိုင်းကျတဲ့ရာထူးတွေနဲ့ အဓိကကျတဲ့နေရာတွေမှာ **DSA** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတွေကိုသာ ခန့်အပ်နိုင်ဖို့အတွက် စတင်ကြိုးပမ်းအားထုတ်ခဲ့တယ်လို့ ရန်ကုန်စစ်ရုံးချုပ်မှာ တာဝန်ကျခဲ့ဘူးတဲ့ အလုပ်သင်ဗိုလ် အရာရှိတစ်ဦးက ပြောခဲ့ဘူးပါတယ်။ ၁၉၉၆ ခုနှစ်အတွင်း လစ်လပ်သွားခဲ့တဲ့ တပ်မမှူးနေရာတွေမှာ ဗိုလ်ချုပ်မောင်အေးက **DSA** ကျောင်းဆင်း အရာရှိတွေကိုသာ တာဝန်ပေးခန့်အပ်ဖို့ ကြိုးပမ်းတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ အခြေအတင် ဖြစ်ခဲ့တာကြောင့် တချို့တပ်မတွေဟာ (၆)လနီးပါးလောက်ကြာအောင် တပ်မမှူး မခန့်အပ်နိုင်ပဲ စောင့်ဆိုင်းနေခဲ့ကြရတယ်လို့ ဆိုပါတယ်။ ဒီကိစ္စ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ တပ်မမှူး၊ စကခမှူးတွေကို ခန့်အပ်ရာမှာ သူ့ရဲ့ အတည်ပြုချက်မပါပဲ ခန့်အပ်ခြင်းမပြုရဘူးဆိုပြီးတော့ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့ လုပ်ပိုင်ခွင့်တချို့ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကန့်သတ်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်မောင်အေးက လက်မလျှော့ပဲ "တပ်မတော် သွေးသစ်လောင်းရေး စီမံချက်"ဆိုပြီး တပ်မတော်ရဲ့ အရေးပါတဲ့ နေရာမှန်သမျှကို **DSA** ကျောင်းဆင်းအရာရှိတွေက လွှမ်းမိုးချုပ်ကိုင်ထားနိုင်မဲ့ အစီအစဉ်တစ်ရပ်ကို ၁၉၉၈ ခုနှစ်မှာ ထပ်မံတင်ပြခဲ့တယ်လို့ ဆိုပါတယ်။ ဒီစီမံချက်မှာ တပ်မတော်အရာရှိတွေကို ရာထူးအဆင့်အတန်းအလိုက် အသက်ကန့်သတ်ချက်၊ ပညာအရည်အချင်း ကန့်သတ်ချက်တွေထားရှိဖို့ ဖေါ်ပြထားပါတယ်။ တိုင်းမှူးအဆင့်ဆိုရင် အသက် (၄၅–၅၀) အကြား ဘွဲ့ရအရာရှိတွေဖြစ်ဖို့၊ တပ်မမှူးဆိုရင် အသက်(၄၀–၄၅)နှစ်အကြား ဘွဲ့ရအရာရှိတွေဖြစ်ဖို့၊ တပ်ရင်းမှူးဆိုရင် (၃၅–၃၈) နှစ်အကြား ဘွဲ့ရအရာရှိတွေဖြစ်ဖို့၊ ဆိုပြီး ကန့်သတ်ထားတာကြောင့် ဘွဲ့မရတဲ့ အလုပ်သင်ဗိုလ်တွေနဲ့ အခြားအဆင့်တွေအတွက် နောက်ဆိုရင် တပ်ရင်းမှူးဖြစ်ဖို့ အလားအလာတောင် လုံးဝမရှိနိုင်တော့ဘူးလို့ ဆိုပါတယ်။ တပ်တွေမှာ ကျန်ရှိနေသေးတဲ့ အလုပ်သင်ဗိုလ်လောင်းကျောင်းဆင်း အရာရှိတွေကို ဘွဲ့ဒီဂရီတွေ ရအောင် စာပေးစာယူသင်တန်းတွေနဲ့ ဖြေဆိုခိုင်းပေမဲ့ အလုပ်တဖက်နဲ့စာသင်ဖို့အတွက် အခက်အခဲတွေ အများကြီးရှိတယ်လို့ ဆိုပါတယ်။

**DSA** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတွေကတော့ (၃)နှစ်တက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဘွဲ့ရ အရာရှိဖြစ်ခဲ့ကြတဲ့အပြင် တပ်စုမှူးသင်တန်း နောက်ထပ်(၅)လတက်ပြီးရင်လည်း ဘွဲ့လွန်သင်တန်း၊ မဟာသင်တန်းတွေကို တက်ရောက်ခွင့် ထပ်မံရရှိပြန်တဲ့အတွက် ဗိုလ်ချုပ်မှူးကြီး မောင်အေးရဲ့ သွေးသစ်လောင်းစီမံချက်ဟာ သူတို့အတွက် တမင်ရည်ရွယ် ရေးဆွဲထားသလို ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဘွဲ့ရ တပ်မတော်အရာရှိတွေထဲမှာ **OTS** ကျောင်းဆင်း အရာရှိတွေလည်း ပါဝင်ပေမဲ့ သူတို့က အရပ်ဘက်တက္ကသိုလ်တွေက ဘွဲ့ရပြီးမှ တပ်ထဲဝင်ခဲ့ရသူတွေ ဖြစ်တဲ့အတွက် အသက်ကန့်သတ်ချက်နဲ့ ညှိနေနိုင်တာကြောင့် အသက်ငယ်တဲ့အရာရှိတချို့လောက်ကလွဲပြီး တခြားအရာရှိတွေအတွက် တက်လမ်းမရှိနိုင်ဘူးလို့ ဆိုပါတယ်။

တပ်မတော်အတွင်းမှာ ရာထူးတိုးဖို့ အလားအလာမရှိတော့တဲ့ **OTS** ကျောင်းဆင်း အရာရှိတွေ၊ အလုပ်သင်ဗိုလ်သင်တန်းကျောင်းဆင်း အရာရှိတွေနဲ့ အခြားအဆင့်က အရာရှိဖြစ်လာသူတွေကို လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး အရပ်ဘက်ဝန်ကြီးဌာနတွေကို မောင်းထုတ်နေတာဟာ တပ်မတော်ရဲ့ ထိပ်ပိုင်းရာထူးတွေကို **DSA** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတွေက သိမ်းပိုက်နိုင်အောင် လုပ်ဆောင်နေတဲ့ "တပ်မတော် သွေးသစ်လောင်းစီမံချက်" အရ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ အခု **OTS** အပတ်စဉ် (၁၁၀)အထိ သင်တန်းဆင်းသွားပြီး ဖြစ်ပေမဲ့ အပတ်စဉ် (၆၅)ကစပြီး ချောင်ထိုးတာကို ခံနေကြရပြီလို့ ဆိုပါတယ်။ ဒီပုံစံအတိုင်း ဆက်သွားမယ်ဆိုရင် နောင် ၄–၅–၁၀ နှစ်အတွင်း တပ်မတော်ရဲ့ ထိပ်ပိုင်းရာထူးမှန်သမျှ **DSA** စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိတွေရဲ့လက်ထဲကို လုံးလုံးလျားလျား ရောက်ရှိသွားဖို့ သေချာနေပြီလို့ ဆိုပါတယ်။

အခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဝန်းရံပေးနေသူတွေထဲမှာ **OTS** ကျောင်းဆင်း အရာရှိကြီးတွေရော၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားတဲ့ **DSA** စစ်ကတ္တသိုလ်ကျောင်းဆင်း အရာရှိကြီးတွေရော၊ ရှိနေကြသေးပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖယ်ရှားခံရလို့ဖြစ်စေ၊ ကွယ်လွန်သွားလို့ဖြစ်စေ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး (သို့မဟုတ်) ဗိုလ်ချုပ်ကြီး သူရရွှေမန်း တက်လာတာနဲ့တပြိုင်နက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပေါ် သစ္စာခံသူအားလုံးကို ထိပ်ပိုင်းရာထူးတွေက ဖယ်ရှားပစ်ပြီး သူတို့ ယုံကြည်စိတ်ချသူတွေ၊ သူတို့ကို သစ္စာခံသူတွေနဲ့ အစားထိုးမှာ လုံးဝ သေချာတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာ့တပ်မတော်ထဲမှာ အသက်အရွယ်ကြီးပြီး ကျမ္မာရေးမကောင်းလှတော့တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပေါ် သစ္စာခံပြီး အပါးမှာ ဝပ်တွားခစားနေရသူတွေအားလုံး မင်းပြောင်းမင်းလွဲဖြစ်မဲ့အချိန်ကို ရင်တထိတ်ထိတ်နဲ့ စောင့်စားနေကြရပြီ ဖြစ်ကြောင်း သုံးသပ်တင်ပြ လိုက်ရပါတယ်။ ။

---

***End of report/ Sunday, December 23, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု